## အပြစ်တင်ဖွယ် (၃) မျိုး

ဆိတ်ငြိမ်တရား မြတ်ဘုရား ပွားများထာဝစဉ်။

၁။ ဆိတ်ငြိမ်တရား တပည့်များ မပွားနေခဲ့လျှင်။

၂။ ကိလေသာတရား မပယ်ရှား တိုးပွားနေကြလျှင်။

၃။ ပစ္စည်းချမ်းသာရေး ဦးစားပေး ကျင့်ရေးပေါ့နေလျှင်။

ဆုတ်ယုတ်တရား စိတ်ဝင်စား ကျင့်ကားဝန်ကင်းလျှင်။

ပရိတ်သတ်အလယ် ဤသုံးသွယ် မှန်ဖွယ်အပြစ်တင်။

## ချီးမွမ်းခံဖွယ် (၃) မျိုး

ဆိတ်ငြိမ်တရား မြတ်ဘုရား ပွားများထာဝစဉ်။

၁။ ဆိတ်ငြိမ်တရား တပည့်များ ကျင့်ပွားနေကြလျှင်။

၂။ ကိလေသာတရား ပယ်ကာရှား ရှုပွားနေကြလျှင်။

၃။ ပစ္စည်းများရန် မရည်သန် ကျင့်မှန်မလျော့လျှင်။

ဆိတ်ငြိမ်တရား စိတ်ဝင်စား ကျင့်အားသန်ကြလျှင်။

ပရိတ်သတ်အလယ် ဤသုံးသွယ် မှန်ဖွယ်ချီးမွမ်းပင်။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org